ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇ ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်
၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်

ကြေညာချက်အမှတ် – ၂၈ / ၁၁ / ၀၉

ယနေ့သည် (၈၉)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ ဤနေ့သည် မြန်မာ့နိုင်ငံရေးသမိုင်းတွင် နယ်ချဲ့အစိုးရကိုဆန့်ကျင်၍ တက္ကသိုလ်ကျောင်းသားများ သပိတ်မှောက်ပြီးတိုက်ပွဲဝင်ခဲ့ကာ အောင်မြင်သောနေ့ထူး နေ့မြတ်ကြီးတစ်ခုဖြစ်သည်။ မြန်မာ့အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲသမိုင်းတွင် ဂုဏ်သိက္ခာကြီးမားပြီး မေ့ပျောက် ၍မရနိုင်သည့် နေ့တစ်နေ့ဖြစ်သလို မြန်မာနိုင်ငံလွတ်မြောက်ရေးတိုက်ပွဲစဉ်ကြီးကို စတင်တပ်လှန့်နှိုးဆော်ပေးခဲ့သော နေ့လည်းဖြစ်သည်။

နယ်ချဲ့အစိုးရသည် ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေတစ်ခုကို အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ယင်းတက္ကသိုလ်အက်ဥပဒေတွင် တက္ကသိုလ်ပညာသင်ကြားရေးအတွက် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများနှင့် ပြည်သူလူထုလက်မခံနိုင်သည့် မလိုလားအပ်သော ကန့်သတ်ချုပ်ချယ်မှုများစွာ ပါဝင်ခဲ့သည်။ အဆိုပါ တက္ကသိုလ်အက်ဥပဒေကို ဆန်းစစ်လေ့လာသည့်အခါ အနည်းစုဖြစ်သော အုပ်ချုပ်သူလူတန်းစားများနှင့် ဓန အင်အားပြည့်စုံသူတို့၏ သားသမီးများအတွက်သာ တက္ကသိုလ်ပညာကို သင်ကြားနိုင်မည်ဖြစ်သည်။ အများစုဖြစ် သော အခြားလူတန်းစား သားသမီးများ၏ ပညာသင်ကြားနိုင်ခွင့်ကို ပိတ်ပင်လိုက်ခြင်းဖြစ်သည်။

သို့ကြောင့် ၁၂၈၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် [၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်]နေ့၌ ကိုဘဦးခေါင်းဆောင်သော တက္ကသိုလ်ကျောင်းသား(၁၁)ဦးက ကိုလိုနီနယ်ချဲ့အစိုးရ၏အဆင့်အတန်းခွဲခြားထားသည့် ရန်ကုန်ယူနီဗာစီတီအက်ဥပဒေကိုဆန့်ကျင်၍ စတင်သပိတ်မှောက်ခဲ့ကြသည်။ တက္ကသိုလ်ကျောင်းသားများသည် မိမိ တို့၏ကိုယ်ကျိုးစီးပွားများကိုစွန့်လွှတ်၍ အများအကျိုး၊ အမျိုးသားရေးအကျိုး၊ တိုင်းပြည်၏အနာဂတ်အကျိုးကို မျှော် မှန်းပြီး အနစ်နာခံ၊ အဆင်းရဲအပင်ပန်းခံကာ ရဲဝံ့ပြတ်သားစွာ တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်သည်။

"ကျွန်ပညာကို လက်မခံ၊ ကိုလိုနီအစိုးရကို ဒူးမထောက်၊ ခိုင်းတာကိုသာလုပ်တတ်သော ကျွန်ပညာကို အလိုမရှိ၊ အုပ်စိုးသူလုပ်သမျှ ခေါင်းငုံ့မခံ၊ တော်လှန်ပစ်မည်"ဟူသော ကျောင်းသားတို့၏ သပိတ်တိုက်ပွဲကြွေးကြော် သံသည် မြန်မာပြည်သူတို့၏လွတ်လပ်လိုစိတ်ကို တပ်လှန့်နှိုးဆော်ပေးခဲ့သည်။ ထိုကျောင်းသားသပိတ်သည် တစ်မျိုး သားလုံး၊ တစ်နိုင်ငံလုံးအား အမျိုးသားစိတ်များ တက်ကြွလာစေပါသည်။ ဇာတိသွေး၊ ဇာတိမာန်ကို ရှင်သန်နိုးကြား စေပါသည်။ ရဟန်းရှင်လူ ပြည်သူအပေါင်းနှင့် အခြားကျောင်းသားလူငယ်များတို့ကလည်း အမျိုးသားလွတ်မြောက် ရေးလှုပ်ရှားမှုကြီးတွင် အားမာန်အပြည့်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ခဲ့ကြသည်။

ဤကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် သပိတ်တိုက်ပွဲဆင်နွှဲခဲ့ကြသောကြောင့် ကိုလိုနီနယ်ချဲ့အစိုးရက ယင်း တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ပေးရသည်အထိ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ နေမ ဝင် ဗြိတိသျှအင်ပါယာကြီးကို စီတန်းလှည့်လည်ဆန္ဒပြခြင်း၊ အာဏာဖီဆန်ခြင်း၊ သပိတ်မှောက်ခြင်း၊ အစာငတ်ခံခြင်း စသည့်လုပ်ရပ်များဖြင့် သပိတ်တိုက်ပွဲဆင်နွှဲခြင်းကြောင့် မြန်မာ့နိုင်ငံရေး၏ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ သည်။ ကျောင်းသားလူငယ်တို့၏စွမ်းအားသည် သမိုင်းအလှည့်အပြောင်းကို ကောင်းစွာဖန်တီးနိုင်ကြောင်း သက်သေ ပြခဲ့သည်။ ပြည်သူလူထု၏ ဆန္ဒနှင့်အကျိုးစီးပွားကို ဆန့်ကျင်၍မရကြောင်းကိုလည်း အုပ်ချုပ်သူတို့အား ထင်ရှားစေခဲ့ သည်။

အဆိုပါကျောင်းသားသပိတ်ကြီးက နိုင်ငံရေးနှင့်ပညာရေးသည် ခွဲခြား၍မရကြောင်း၊ နိုင်ငံရေးစနစ်မှန်ကန်မှ သာလျှင် ပညာရေးစနစ်ကောင်းမွန်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ပြသခဲ့ခြင်းဖြစ်သည်။ နိုင်ငံရေးလွတ် လပ်မှုရှိပါမှ ပညာရေးလွတ်လပ်ပေလိမ့်မည်၊ နိုင်ငံရေးလွတ်လပ်သည်ဆိုခြင်းမှာ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးထွန်း

ကားခြင်း မည်ပေသည်။ သို့မှသာ တည်ငြိမ်အေးချမ်းစွာဖြင့် တီထွင်ဖန်တီးနိုင်သော၊ တွေးခေါ်မြော်မြင်တတ်သော၊ ပညာရည်အဆင့်အတန်းမြင့်မားသော၊ ခေတ်နှင့်အညီရင်ဘောင်တန်းနိုင်သော ပညာရေးစနစ် ဖြစ်ပေါ်လာပေမည်။

အမျိုးသားအောင်ပွဲနေ့၏သမိုင်းကား စည်းလုံးညီညွတ်သော ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံမှုနှင့် ကျောင်းသားတို့၏ ရဲစွမ်းသတ္တိတို့ဖြင့် ခေတ်သစ်တစ်ရပ်ကို ဖန်တီးနိုင်ကြောင်းကိုလည်းကောင်း၊ စည်းကမ်းရှိသော၊ စည်းလုံးညီညွတ်မှုရှိသော ဆောင်ရွက်မှုကသာ အောင်ပွဲရယူနိုင်မည်ဖြစ်ကြောင်းကိုလည်းကောင်း၊ ညီညွတ်ရေးပြိုကွဲနေပါလျှင် အောင်မြင်မှုရနိုင်မည်မဟုတ်ကြောင်းကိုလည်းကောင်း၊ သက်သေထူခဲ့ပေပြီ။ ဖိနှိပ်ချုပ်ချယ်မှုဖြင့် စနစ်တစ်ရပ်ကို ကန့်သတ်ထား၍မရကြောင်း၊ ကျောင်းသားပြည်သူတို့၏ဆန္ဒကို မျက်ကွယ်ပြု၍မရနိုင်ကြောင်းကိုလည်း မီးမောင်းထိုး၍ပြခဲ့ပြီးဖြစ်သည်။ ယင်းတို့ကို စံနမူနာယူပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ပေသည်။

ထိုသို့ ကြိုးပမ်းကြရာတွင်လည်း အမျိုးသားညီညွတ်ရေးသည် မလွဲမသွေလိုအပ်ပေသည်။ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားများကို ဆောင်ရွက်ပေးနိုင်ရန် အမျိုးသားညီညွတ်ရေးကို တည်ဆောက်ကြရမည်ဖြစ်သည်။ ညီညွတ်ရေးဆိုရာတွင် နိုင်ငံရေးအင်အားစုများအချင်းချင်း၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း၊ ညီညွတ်ရန်လိုအပ်သကဲ့သို့ မိမိတို့အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်ရေးသည်လည်း အဓိကအရေးပါသော အကြောင်းတစ်ရပ်ဖြစ်ပေသည်။ ထို့အတူ ပြည်သူလူထုတစ်ရပ်လုံးကလည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာလျှင် မိမိတို့လိုချင်သော ပန်းတိုင်သို့ အရောက်လှမ်းနိုင်မည်ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ၎င်းအပေါ် စီရင်ချက်ချမှတ်ခဲ့သည့် ၂၀၀၉ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်နေ့တွင် “မိမိအနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ခွင့်ရလိမ့်မည်ဟုလည်းကောင်း၊ ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ရလိမ့်မည်ဟုလည်းကောင်း မျှော်လင့်ကြောင်း”ကို အပြုသဘောအမြင်ဖြင့် တရားခွင်သို့ လာရောက်ကြသည့် သံတမန်များအား ထုတ်ဖော် ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ထံသို့ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်နေ့တွင် “မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ထားမှုများ ရုပ်သိမ်းပယ်ဖျက်ရေးကိစ္စ”နှင့် စပ်လျဉ်း၍ ပေးပို့ခဲ့သောစာ၌ “မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းပယ်ဖျက်ရေးအတွက် ကျွန်မအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း အဆိုပြုတင်ပြခဲ့ပါသည်”ဟုလည်း ရေးသားဖော်ပြခဲ့သည်။ ဤသည်မှာ စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းဆောင်ရွက်ကြပါလျှင် မည်သည့်အခက်အခဲများကိုမဆို ကျော်လွှားအောင်မြင်နိုင်မည်ဖြစ်ကြောင်း အဓိပ္ပာယ်ပေါ်လွင်စေပါသည်။

ထို့ကြောင့် တိုင်းပြည်တွင် အမှန်တကယ်ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အထွေထွေအကျပ်အတည်းများကို အမြန်ဆုံးပြေလည်သွားနိုင်စေရန် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးခြင်းဖြင့် ညှိနှိုင်းအဖြေရှာကြရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထူးအလေးအနက်ထားစဉ်းစား၍ ဆောင်ရွက်ပေးပါရန် ယခုကဲ့သို့သော အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား အထူးထပ်မံတိုက်တွန်းတောင်းဆိုလိုက်ပါသည်။

သို့ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် တွေ့ဆုံဆွေးနွေးရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံရေးရာသီဥတု ကောင်းမွန်စေမည့် . . .

(က) အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်အား ယခုကဲ့သို့ စည်းကမ်းချက်များဖြင့် နေအိမ်တွင်ထပ်မံထိန်းသိမ်းထားခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စမဟုတ်ပါ၍ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်တွင်ထိန်းသိမ်းခြင်းခံနေရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးအား ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ဂ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊

အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်လများ ပြစ်ဒဏ်ချထား ခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်၊

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း၊ ပြစ်ဒဏ်ချခြင်းခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အားစု များ စသည့် နိုင်ငံရေးအကျဉ်းသားအားလုံးတို့ကို ကန့်သတ်ချက်များမရှိဘဲ ခြွင်းချက်မရှိ အမြန်ဆုံးလွှတ် ပေးရန်၊

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်းခံနေကြရသော ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုဂျင်မီ စသည့် (၈၈)မျိုးဆက် ကျောင်းသားခေါင်းဆောင်များ အားလုံးကို ကန့်သတ်ချက် များမရှိဘဲ အမြန်ဆုံးလွှတ်ပေးရန်၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့်ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့ အထိ (၆)နှစ်ကျော်သည့်တိုင် ကာလရှည်ကြာစွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန် နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

(ဆ) ၁၉၉၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားကြရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည် မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်သူလူထု၏ ဆန္ဒနှင့်အညီ စိတ်ဆန္ဒထက်သန်စွာ ဖြင့် အမြန်ဆုံးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ကြေညာလိုက်သည်။

၂၆–၁၀–၀၉ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့